မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 8, 2024 Volume 84, Number 5

| ၈.၁၁.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၅.၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၄၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၁၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၂၉ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ကုန်ပိသာချိန် သုံးသိန်းကျော် သီရိမင်္ဂလာဈေးသို့ နေ့စဉ်ဝင်ရောက်နေ




နိုင်ငံအနှံ့ရှိ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ကုန်ပိသာချိန် သုံးသိန်းကျော် သီရိမင်္ဂလာဈေးသို့ နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနက သိရသည်။

သီရိမင်္ဂလာဈေးအတွင်းသို့ နိုင်ငံအနှံ့မှ ဝင်ရောက်လာခြင်းဖြစ်ပြီး ကန်စွန်း၊ ချဉ်ပေါင်၊ ငရုတ်စသည့်ရာသီပေါ်ဟင်းသီးဟင်းရွက်များ၊ပန်းမျိုးစုံ၊မာလကာသီး၊ထောပတ်သီးစသည့် သစ်သီးဝလံများလည်း အများဆုံးဝင်ရောက်နေကြောင်း သိရသည်။

ရန်ကုန်မြို့ဈေးများအသီးသီး၏ဟင်းသီးဟင်းရွက်ကုန်စိမ်းသီးနှံများအတွက် အဓိကအားထားရာဈေးဖြစ်သာ သီရိမင်္ဂလာဈေးတွင် ဈေးရုံပေါင်း ၁၄ ရုံ၊ ဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်ဖြင့် ရောင်းဝယ်ဖောက်ကားလျက်ရှိပြီး တစ်ရက်လျှင် ပျမ်းမျှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံကုန်တင်ကားစီးရေ ၃၅၀ ဝန်းကျင် ဝင်ရောက်နေပြီး ကုန်ပိသာချိန်အားဖြင့် သုံးသိန်းကျော်၊တန်ချိန်အားဖြင့် တန် ၅၀၀၀ ကျော် ဝင်ရောက်နေကြောင်း သိရသည်။

**Source: Popular News Journal**

## မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကျင်းပမည်

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းကကြီးမှူး၍ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့လမ်းမတော်မြို့နယ်မင်းရဲကျော်စွာလမ်းနှင့်ဇော်ဂျီလမ်းထောင့်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မြေပဲဆီနှင့်နှမ်းဆီများကို လွတ်လပ်စွာဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးက "မြေပဲဆီ တစ်ပိဿာကို ရန်ကုန်မြို့မှာ ငွေကျပ် ၂၀,၀၀၀ ဝန်းကျင်ဈေးရှိပြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်မှာ တစ်ပိဿာကို အမြင့်ဆုံးငွေကျပ် ၁၆,၀၀၀ ထက်မပိုတဲ့ဈေးနဲ့ ရောင်းချပေးမှာပါ။စိတ်ကြိုက်လိုသလောက် ၅၀ ကျပ်သားဘူးကစပြီး ပိဿာဘူးများအထိရောင်းချပေးမှာပါ။ပထမအကြိမ် ဈေးရောင်းပွဲတော်မှာ မြေပဲဆီတစ်ပိဿာကို ငွေကျပ် ၁၅,၀၀၀ နဲ့ သုံးရက်အတွင်း ဆီပိဿာချိန် ၆၀,၀၀၀ ကျော်ရောင်းရပါတယ်။ဒီတစ်ခေါက်သယ်ယူစရိတ် အနည်းငယ်မြင့်တက်လို့ ဈေးအနည်းငယ်တင်ပြီးရောင်းရတာပါ။ ပွဲတော်ရက်အတွင်း ဆီပိဿာချိန်များများယူရင် ရန်ကုန်မြို့အတွင်းပို့ပေးမှာပါ၊ ပို့ဆောင်ခကို မှာယူသူကပေးဆောင်ရပါမယ်" ဟုပြောသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးက ဆီစက်လုပ်ငန်းရှင် ကိုးဦး၊ မကွေးတိုင်းဒေသကြီးက လေးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးက တစ်ဦးလာရောက်ရောင်းချမည်ဖြစ်သည်။

ကုန်ကြမ်းသီးနှံဖြစ်သည့်မြေပဲမှာ စက်တင်ဘာလမှမတ်လအထိ လှိုင်လှိုင်ပေါ်သည့်ကာလဖြစ်သဖြင့် မြေပဲဆီများကို သက်သာသည့်ဈေးနှုန်းဖြင့် လာရောက်ရောင်းချခြင်းဖြစ်သည်။

ဈေးရောင်းပွဲတော်သုံးရက်အတွင်း မြေပဲဆီပိဿာချိန် တစ်သိန်းဝန်းကျင်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Source : **ကြေးမုံသတင်းစာ**

## တောင်တွင်းကြီးမြို့နယ်တွင် ငရုတ်သီးနှံဈေးကောင်းရ၍ တောင်သူများ အကျိုးအမြတ်ရ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ညောင်ဝန်းကျေးရွာ တွင် စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးနှံဧက ၂၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ငရုတ်သီးနှံစိုက်ပျိုးရာတွင် မျိုးအနေဖြင့် သာမိ ၉၀၀ နှင့် သာမိ ၉၉၉ မျိုးများကို စိုက်ပျိုးရေးဆေးဆိုင်များမှဝယ်ယူစိုက်ပျိုးကြကြောင်း ၊ စိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ ပျိုးပင် ၂၅-၃၀ ရက်သားအရွယ်တွင်မြေသို့ချ၍မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ဩဂုတ်လတွင် မြေချစိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁,၈၀၀,၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာ ၇၀၀-၈၀၀ ခန့် ထွက်ရှိ၍ တောင်သူ အကျိုး အမြတ်အနေဖြင့် ငွေကျပ် ၁,၇၀၀,၀၀၀ ခန့်ရရှိကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင် ငရုတ်သီးစိမ်းတစ်ပိဿာလျှင် လက်ကားဈေး ၅၀၀၀-၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ဈေးကွက်အနေဖြင့်တောင်တွင်းကြီးမြို့သို့ တင်ပို့ရောင်းချပြီးထိုမှတစ်ဆင့်မကွေးမြို့သို့လည်းတင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးအထွက်နှုန်း လျော့နည်းသော်လည်း ငရုတ်သီးထွက်ပေါ်ခူးဆွတ်ချိန်တွင် ဈေးကောင်းရရှိသောကြောင့် ငရုတ်သီးစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ် နှိုင်းယှဉ်မှုအခြေအနေ

နိုဝင်ဘာလ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းဖြူ၊ မြေပဲဆီဆန်ဖြူဈေးငြိမ်၍ မြေပဲလုံးဆန်ဖြူ၊ မြေပဲလုံးဆန်နီ ဈေးနှုန်းကျဆင်းနေပြီး နှမ်းညို၊နှမ်းနက်ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

နိုဝင်ဘာလ ပထမပတ်အတွင်း နှမ်းညိုတစ်တင်း ၉၈၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၁၈၀,၀၀၀-၂၀၀,၀၀၀ ကျပ်၊ နှမ်းဖြူတစ်တင်း ၁၁၀,၀၀၀-၁၂၅,၀၀၀ ကျပ်ဖြစ်ကာ ယခင်အပတ် ကာလတူပေါက်ဈေးမှာ နှမ်းညိုတစ်တင်း ၉၆,၀၀၀ ကျပ်၊ နှမ်းဖြူတစ်တင်း ၉၆,၀၀၀- ၁၂၀,၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်း ၁၈၀,၀၀၀- ၂၀၀,၀၀၀ ကျပ်ရှိ၍ ယခုအပတ်နှင့် ယခင်အပတ် ကာလတူနှိုင်းယှဉ်ပါက နှမ်းညိုတစ်တင်း ၂၀၀၀ ကျပ်၊နှမ်းဖြူတစ်တင်းလျှင် ၅၀၀၀ ကျပ်ခန့်မြင့်တက်နေကြောင်းသိရသည်။

နိုဝင်ဘာလ ပထမပတ်အတွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၇၈၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၇၇၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၇၃၀၀ ကျပ်ရှိပြီး ယခင်အပတ်ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီတစ်ပိဿာ ၈၀၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၈၀၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၇၃၀၀ကျပ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါကမြေပဲလုံးဆန်နီတစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၃၀၀ ကျပ် ခန့် ကျဆင်းနေကြောင်းသိရသည်။

ယခုအပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၄,၀၀၀-၁၄,၅၀၀ ကျပ်၊ နှမ်းဆီတစ်ပိဿာ ၁၃,၅၀၀-၁၄,၀၀၀ ကျပ်ဖြစ်ပြီး ပဲဖတ်တစ်ပိဿာ ၅၆၃၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၈၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၉၅၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ကွင်းကျေးရွာ၌ ဆောင်းမြေပဲများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ ကွင်းကျေးရွာများတွင် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါနှင့် ပဲမျိုးစုံတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ကွင်းကျေးရွာတွင် ဆောင်းမြေပဲကို ဧက ၁၂၀ ခန့် စိုက်ပျိုးထားကြောင်း၊ ဆောင်းမြေပဲကို မိုးနှမ်းရိတ်သိမ်းပြီးသည့် စိုက်ခင်းမြေများတွင်ထွန်ယက်၍ ဩဂုတ်လတွင်စိုက်ပျိုးပြီး အောက်တိုဘာလကုန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဗီယက်နမ်(မြေပဲဆန်ဖြူ)၊ စွန်တာနီ(မြေပဲဆန်နီ)တို့ကိုစိုက်ပျိုးပြီး စွန်တာနီ(မြေပဲဆန်နီ)မျိုးကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၈၀၀,၀၀၀ခန့်ကုန်ကျပြီး တင်း ၅၀-၆၀ ခန့်ထွက်ရှိ၍ တစ်ဧကလျှင် ငွေကျပ် ၇၀၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင်မြေပဲတောင့်တစ်တင်းလျှင်ငွေကျပ် ၂၂,၀၀၀-၂၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ထွက်ရှိသည့် ဆောင်းမြေပဲများကို မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှ တစ်ဆင့်ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချပြီး

TIR

ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့်မြေပဲကိုတန်ဖိုးမြှင့်ထုတ်ကုန်(Value Added)ပြုလုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များကလည်း ဝယ်ယူကြကြောင်း သိရသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုများပြီး အထွက်နှုန်းအနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့်အကျိုးအမြတ်များရရှိကြောင်း၊မြေပဲပင်များကို အခြောက်ခံနေလှန်း၍ တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုနိုင်သည့် သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## အထက်မင်းလှမြို့နယ်၌ ဝါသီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ကုန်းကြီးကျေးရွာအုပ်စုရှိ ဂျင်ရဲမြောင်(စံပြ) ကျေးရွာသည် ကုလားပဲ၊ ပြောင်း၊ ကြက်သွန်နီနှင့် အခြားမီးဖိုချောင်သုံးသီးနှံများကိုရာသီအလိုက်စိုက်ပျိုးလျက်ရှိပြီး ဝါသီးနှံ ၈၀ ကေကိုတောင်သူ ၇၀ ဦးမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဂျင်ရဲမြောင်(စံပြ)ကျေးရွာနေ တောင်သူတစ်ဦးက " ဝါသီးနှံ ၆ ကေခန့် စိုက်ပျိုးထားကြောင်း၊ မျိုးအနေဖြင့် ၆၆၆ မျိုး၊ ရွှေတောင်-၈ မျိုးကို အထက်မင်းလှမြို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များမှ ၁ ပိဿာလျှင် ကျပ် ၃၅၀၀-၄၀၀၀ဖြင့် ဝယ်ယူကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲပြီး မျိုးစေ့ကို လက်ဖြင့်ဖြူးချစနစ်ဖြင့် စိုက်ပျိုးကာ ၁ ကေလျှင် မျိုး ၇ ပိဿာခန့်ကုန်ကျကြောင်း၊ ၃ လအကြာတွင် ခူးဆွတ်ရကြောင်း၊ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်နည်းတူယခုနှစ်တွင်လည်း ၁ ကေလျှင် ကျပ် ၃၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က မိုးများ၍ ဝါအထွက်နှုန်းလျော့ကျခဲ့ပြီး ၁ ကေလျှင် ပိဿာချိန် ၅၀၀-၆၀၀ကြားထွက်ရှိကာ ၁ပိဿာလျှင် ကျပ်၂၈၀၀-၃၀၀၀ဈေးရရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလပထမပတ်တွင် ဝါ ၁ ပိဿာလျှင် ကျပ် ၃၂၀၀-၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများမှတစ်ဆင့်မန္တလေးတိုင်းဒေသကြီးသို့တင်ပို့ရောင်းချကြောင်း၊ယခုနှစ်တွင်မူ ရာသီဥတုကောင်းမွန်၍ ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ယခင်နှစ်ကထက်အထွက်နှုန်း ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## သစ်တောပြုန်းတီးမှုကင်းစင်ရေးဆိုင်ရာ ထုတ်ကုန်စည်းမျဉ်းစည်းကမ်း (EUDR) အကောင်အထည်ဖော်နိုင်ရေးအတွက်သတ်မှတ်ထားသော နောက်ဆုံးရက်ကို (၁)နှစ် သက်တမ်းတိုးရန် အီးယူကအဆင်သင့်ဖြစ်နေ

ဥရောပကော်မရှင်က ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် စတင်အသက်ဝင်မည့် သစ်တောပြုန်းတီးမှုနှင့်ယှဉ်နှင့် ဆက်စပ်လျက်ရှိသည့် ကုန်စည်နှင့်ထုတ်ကုန်များတင်ပို့ရောင်းချခြင်း အပေါ် ထိန်းချုပ်ထားသည့် ဥရောပသစ်တောပြုန်းတီးမှု ကင်းစင်ရေးစည်းမျဉ်းဥပဒေ(EU Deforestation Regulation – EUDR) အား အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စအပေါ် ဥရောပနယ်ပယ်ဒေသအတွင်းရှိ စက်မှုလုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံအချို့နှင့်

ကုန်သွယ်ဖက်များက ဖိအားပေးကန့်ကွက်မှုများ ဆောင်ရွက်လာပြီးသည့်နောက် ဥရောပကော်မရှင်က ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်တွင် EUDR အကောင်အထည်ဖော်မှု နောက်ဆုံးရက်ကို ၁ နှစ် သက်တမ်းတိုးရန် ဥရောပကောင်စီသို့ တရားဝင်အဆိုပြုခဲ့ရာ ကောင်စီက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် သဘောတူခဲ့ပြီး ဥရောပပါလီမန်သို့ အဆိုပြုတင်ပြရန် ဆုံးဖြတ်ခဲ့သည်။

ဥရောပပါလီမန်မှ သဘောတူကြောင်း ဆုံးဖြတ်ပါက လုပ်ငန်းရှင်ကြီးများနှင့် ကုန်သွယ်မှု ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့် ၃၀-၁၂-၂၀၂၅ ရက်မှ စတင်၍လည်းကောင်း၊အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) များအနေဖြင့် ၂၀၂၆ ခုနှစ် ဇွန်လ ၃၀ ရက်မှ စတင်၍လည်းကောင်း EUDR အကောင်အထည်ဖော်မှုကို လိုက်နာဆောင်ရွက်ရန်ရှိမည်ဖြစ် သည်။

အီးယူပါလီမန်သည် ကော်မရှင်၏အဆိုပြုချက်ကို ယခုနှစ်အကုန်တွင် တရားဝင်အတည်ပြုရန်ရှိပြီး အီးယူ၏တရားဝင်အသိအမှတ်ပြုဂျာနယ်တွင် ထည့်သွင်းထုတ်ဝေသွားရန် ရည်ရွယ်ထားသည်။

EUDR အတွက် လိုအပ်ချက်များနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာမူဘောင်ကို ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်၍ မကြာခဏမေးမြန်းလာကြသည့် မေးခွန်းများအတွက်လည်း ကော်မရှင်က အသေးစိတ်လမ်းညွှန်ချက်စာတမ်းကို ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ကောင်စီ၏အဆိုပြုချက်ကို ပါလီမန်က အတည်ပြုလိုက်ပါက Stakeholder များ အတွက် EUDR ကို လိုက်နာဆောင်ရွက်နိုင်ရန် ပြင်ဆင်ချိန် ၁ နှစ်ရရှိသွားမည်ဖြစ်ပြီး၊ အီးယူအတွက်လည်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များကို အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။

EUDR သည် ကမ္ဘာလုံးဆိုင်ရာသစ်တောပြုန်းတီးမှုနှင့်သစ်တောပြုန်းတီးမှုအပေါ် အီးယူ၏အကျိုးသက်ရောက်မှုကို လျှော့ချရန် ရည်ရွယ်ထားသော အီးယူ၏ အငြင်းပွားဖွယ်ရာစည်းမျဉ်းတစ်ခုပါသည်။

EUDR အရ ပဏာမအားဖြင့် ဆီအုန်း၊ ကျွဲနွား၊ ထင်း၊ ကော်ဖီ၊ ကိုကိုး၊ ရော်ဘာ၊ ပဲပိစပ် အစရှိသည့် ကုန်စည် ၇မျိုးနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ထုတ်ကုန်များအတွက် ကနဦးလျှောက်ထားရမည်ဖြစ်ပြီး၊ လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များအတွက် Custom Code များကို EUDR တွင် နောက်ဆက်တွဲအဖြစ် ဖော်ပြပေးထားကြောင်း သိရသည်။

EUDR အရ အီးယူဈေးကွက်သို့ ဝင်ရောက်မည့်ကုန်စည်များ (သို့မဟုတ်) အီးယူမှ တင်ပို့မည့် ကုန်စည်များ တရားဝင်ဖြစ်စေရေး အတွက် ၎င်းကုန်စည်များကို ထုတ်လုပ်သည့်နေရာသည်သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့် ထုတ်လုပ်ခွင့်ရှိသော နိုင်ငံဟုတ်-မဟုတ်၊ သစ်တောပြုန်းတီးမှုကင်းစင်ခြင်း ရှိ- မရှိ၊ ဆိုလိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ရက်နောက်ပိုင်းတွင် သစ်တောပြုန်းတီးမှုကင်းစင်ရန် သတ်မှတ်ထားသော မြေနေရာများပေါ်တွင် ထုတ်လုပ်ခြင်းရှိ-မရှိ အစရှိသည်တို့ကို သေချာစွာခွဲခြမ်းစိတ်ဖြာပေးနိုင်မည့် operators and traders များပါ လိုအပ်မည်ဖြစ်ပြီး၊ ယင်းထုတ်ကုန်များ အီးယူဈေးကွက်သို့ ဝင်ရောက်ရန် သတ်မှတ်ချက် များနှင့်ကိုက်ညီကြောင်း သက်သေပြနိုင်ရေးအတွက် operators and traders များအနေဖြင့် ကုန်စည်ထုတ်လုပ်သည့် သက်ဆိုင်ရာ မြေကွက်အားလုံး၏ ပထဝီဝင်အနေအထားတည်နေရာကို အကဲဖြတ်ခြင်းနှင့် အန္တရာယ်ကင်းရှင်း လျော့ပါးရေးစသည်တို့ကို သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

EUDR လျှောက်ထားရာတွင် လိုအပ်ချက်များ များပြားရှုပ်ထွေးနေသည့်အတွက် ကုန်စည်ထုတ်လုပ်သည့်နိုင်ငံများ၊ အီးယူရှိ စီးပွားရေးလုပ်ငန်းကြီးများနှင့်အီးယူအဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ရမည့် ရက်သတ်မှတ်ချက်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်ပါသည်။

EUDR စံသတ်မှတ်ခြင်းစနစ်အရ ခွဲခြားဆက်ဆံခံရနိုင်ဖွယ်ရှိသော သဘောသဘာဝအပေါ် အီးယူ၏ ကုန်သွယ်ဖက်နိုင်ငံများက အထူးစိုးရိမ်လျက်ရှိပါသည်။

တစ်ဖက်တွင် အကောင်အထည်ဖော်ရမည့် သတ်မှတ်ရက်များအားရွှေ့ဆိုင်းလိုက်ခြင်းနှင့်ကော်မရှင်မှအကောင်အထည်ဖော်မှုဆိုင်ရာဥပဒေထုတ်ပြန်လိုက်ခြင်းသည် WTO အဖွဲ့ဝင်များအကြား အီးယူ၏ပွင့်လင်းမြင်သာရှိမှုကို ပြသရာရောက်သဖြင့် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်ကြောင်း ရှုမြင်နိုင်ပေသည်။

EUDR အတွက် လိုအပ်ချက်များမှာ အခြားသောစည်းမျဉ်းဥပဒေများနှင့်ကွဲပြားလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာအသိအမှတ်ပြုလက်မှတ် (သို့မဟုတ်)အခြားသောပြင်ပအဖွဲ့အစည်းများမှ အတည်ပြုထားသောအစီအစဉ်များသည် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများအတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အရေးကြီးသော အစိတ်အပိုင်းကောင်းများဖြစ်နိုင်သော်လည်း EUDR အတွက်မူ ၎င်းတို့မှာ ဆုံးရှုံးနိုင်ခြေများ အတွက် လိုအပ်သော အချက်အလက်များသာဖြစ်ပြီး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် မဟာဗျူဟာမူဘောင်ဆိုင်ရာ ချိတ်ဆက် ဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုသာဖြစ်ပါသည်။

ထို့ပြင် EUDR အကောင်အထည်ဖော်ရန်သတ်မှတ်ရက်တိုးမြှင့်လိုက်ခြင်းသည် စီးပွားရေးဆောင်ရွက်နေသူများနှင့် ကုန်သည်များအတွက် supply chains ကဲ့သို့သော ကိစ္စရပ်များကို EUDR နှင့် လိုက်လျောညီထွေဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ချိန် ပိုမိုရရှိသွားမည်ဖြစ်သကဲ့သို့ ကုန်သည်များအနေဖြင့် ၎င်းတို့၏ Profile များကို Information System တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ မှတ်ပုံတင်နိုင်မည်ဖြစ်ပြီး၊ EUDR လျှောက်ထားခြင်းမပြုမီ လိုအပ်ချက်များကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ကြိုတင်စမ်းသပ်ခြင်း၊ Statement တင်သွင်းခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

EUDR တွင် အီးယူပြင်ပနိုင်ငံများမှ တင်သွင်းလာသော food and feed products များ အတွက် Pre- arrival notifications များကို အီးယူအဖွဲ့ဝင်နိုင်ငံများက တောင်းဆိုနိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်ထားသော နယ်စပ်ထိန်းချုပ်ရေးစခန်းများတွင် တရားဝင်ထိန်းချုပ်မှုများ ပြုလုပ်မည့်ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အပင်များ၊ အပင်ထွက်ပစ္စည်းများနှင့် အခြားသော ဆက်စပ်ပစ္စည်းများကို အပင်များ၏ ပိုးမွှားများ အကာအကွယ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများအရ ဥပဒေနှင့်အညီ ထိန်းချုပ်မှုများဆောင်ရွက်သွားမည့်ကိစ္စနှင့် စပ်လျဉ်း၍လည်းကောင်းရှင်းလင်းဖော်ပြထားပြီးတိရစ္ဆာန်များနှင့်တိရစ္ဆာန်ထွက်ပစ္စည်းများအီးယူသို့ဝင်ရောက်မှုအတွက် ကန့်သတ်ထိန်းချုပ်ထားသော သတ်မှတ်ချက်များကိုပါ ဖော်ပြထားသည်။

သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါကဥရောပသမဂ္ဂအတွင်းသို့ဈေးကွက်ဝင်ရောက်ခွင့်တွင်ပြစ်ဒဏ်များ၊ ဒဏ်ငွေများ၊(သို့မဟုတ်) ကန့်သတ်ချက်များဖြင့် ထိန်းချုပ်ခြင်းကိုခံရမည်ဖြစ်ပြီး၊ အကျိုးဆက်အဖြစ် လိုက်နာမှုမရှိသည့် အတိုင်းအတာ အလိုက် စည်းမျဉ်းဥပဒေအရ ပြဋ္ဌာန်းချက်များအပေါ် မူတည်၍ ပြစ်ဒဏ်အမျိုးမျိုးကွဲပြားသွားနိုင်ပါသည်။

ထို့ပြင် အီးယူသို့ ဝင်ရောက်လာမည့် ပြင်ပနိုင်ငံများမှ food and feed products များ အတွက် Pre- arrival notifications များတောင်းခံနိုင်မည့် Regulationမှာ၂၀၂၅ခုနှစ်၊ မတ်လ ၃ ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး၊ယင်း Regulation အရ ကုန်သည်များအနေဖြင့် ဥရောပသမဂ္ဂသို့ဝင်ရောက်လာမည့် ကုန်စည်များအတွက် WTO ၏ Committee on Sanitary and Phytosanitary Measures သို့လည်း အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(EUDR နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်များအား သိရှိလိုပါကအောက်တွင်ဖော်ပြထားသောLink သို့ဝင်ရောက်၍ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေ၊ Acts များနှင့်ဆုံးဖြတ်ချက်များအား လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**Source:** **http://www.fratinivergano.eu/en/21-october-2024/#EUDR**

**စီးပွားရေးသံမှူး၊ ဘာလင်မြို့။**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံသည် ရေနံ၊ ကျောက်မျက်ရတနာ၊ သကြားတင်ပို့မှုတွင် ၅ နှစ်ကျော်အတွင်း ကမ္ဘာ့ဝေစုကိုမြင့်တင်ရန် ကြိုးပမ်း



အိန္ဒိယနိုင်ငံ၏ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းသည် လွန်ခဲ့သည့်ငါးနှစ်အတွင်း ကဏ္ဍများစွာတွင် ကောင်းမွန်သော အမြတ်အစွန်းများရရှိခဲ့ပြီး အထူးသဖြင့် ရေနံ၊ ကျောက်မျက်ရတနာ၊ စိုက်ပျိုးရေးနှင့်သကြားစသည့် ကဏ္ဍများသည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုတွင် ရှယ်ယာပါဝင်မှုတိုးလာသောကြောင့် လွန်ခဲ့သည့်ငါးနှစ်အတွင်းကောင်းမွန်သောအကျိုးကျေးဇူးများရရှိခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

၂၀၁၈ နှင့် ၂၀၂၃ တွင် အိန္ဒိယတင်ပို့မှုဝေစုတိုးလာသည့် အခြားကဏ္ဍများမှာ လျှပ်စစ်ပစ္စည်း pneumatic တာယာများ၊ ပိုက်များ၊ အဆို့ရှင်များနှင့် ဆီမီးကွန်ဒတ်တာများဖြစ်သည်။

အိန္ဒိယ၏ ဈေးကွက်ဝေစုသည် ၂၀၁၈ ခုနှစ်တွင်ရေနံတင်ပို့မှုသည် ၈၄ ဒသမ ၉၆ ဘီလီယံအထိမြင့်တက်လာခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များဆန်းစစ်ချက်အရသိရသည်။

အလားတူ ကြံ (သို့မဟုတ်) beet (sugar)- သကြားမုန့်လာ တင်ပို့မှုတွင် ကြီးမားသောတိုးတက်မှုရရှိခဲ့ပြီး ၎င်း၏ ကမ္ဘာ့ဈေးကွက်ဝေစုသည် ၂၀၁၈ တွင် ၄ ဒသမ ၁၇ ရာခိုင်နှုန်း ၂၀၂၃ ခုနှစ်တွင် ၁၂ ဒသမ ၂၁ ရာခိုင်နှုန်း အထိတိုးလာခဲ့သည်။

ကမ္ဘာ့သကြား ဒုတိယအကြီးဆုံး တင်ပို့သူအနေဖြင့် အိန္ဒိယနိုင်ငံ၏ အောင်မြင်မှုသည် နှစ်သက်ဖွယ်ကောင်းသော စိုက်ပျိုးရေးမူဝါဒများနှင့် ၎င်း၏ ခိုင်မာသောထုတ်လုပ်မှု အခြေခံနှစ်ခုလုံးကြောင့်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အထူးသဖြင့် အရှေ့တောင်အာရှနှင့်အာဖရိကကဲ့သို့သောဒေသများတွင် သကြားဝယ်လိုအားကြီးထွားလာမှုအပေါ် အရင်းအနှီးပြုထားသည်ဟု တာဝန်ရှိသူများကဆိုသည်။

**Source : businesstandaxd**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ယခုနှစ်တွင် ထိုင်းနိုင်ငံ၏တင်ပို့မှု ၂ ရာခိုင်နှုန်း ကြီးထွားနိုင်ကြောင်း ထိုင်းပို့ဆောင်ရေးလုပ်ငန်းရှင်များပြောကြား



ထိုင်းနိုင်ငံ၏ ယခုနှစ်တင်ပို့မှုသည် ၂ ရာခိုင်နှုန်းကျော်ကြီးထွားနိုင်ပြီး ယခင်ခန့်မှန်းချက်ကို ကျော်ဖြတ်နိုင်ကြောင်း ထိုင်းအမျိုးသားပို့ဆောင်ရေးလုပ်ငန်းရှင်များကောင်စီက ၅-၁၁-၂၀၂၄ ရက်တွင် ပြောကြားသည်။

ကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Chaichan Chareonsuk ကအဆိုးဆုံးအနေဖြင့် အကယ်၍ ယခုနှစ် စတုတ္ထ ၃ လပတ် ကာလ ကြီးထွားမှုသည် ၂၀၂၃ ခုနှစ်နှင့်တူညီပါက တင်ပို့မှုသည် ၂ ရာခိုင်နှုန်းကျော်သင့်ကြောင်းပြောကြားသည်။

စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် တင်ပို့မှုသည် စက်တင်ဘာလတွင် နှစ်အစပိုင်းထက် ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

ထိုင်းအစိုးရသည် ယခုနှစ်၏ တင်ပို့မှုကြီးထွားနှုန်းကို ၂ ရာခိုင်နှုန်း ရည်မှန်းထားပြီး စံချိန်တင် တင်ပို့မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉၀ ဘီလီယံရရှိရန် မျှော်လင့်ရကြောင်းသိရသည်။

ဇန်နဝါရီလ-စက်တင်ဘာလကာလတွင်တင်ပို့မှုသည် ၂၀၂၃ တူညီသည့်ကာလထက် ၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

စီးပွားကူးသန်းဝန်ကြီးဌာန၏ အချက်အလက်များအရ တင်ပို့မှုများသည် ယခုနှစ်နောက်ဆုံး ၃ လပတ်ကာလတွင် ဆက်လက်မြင့်တက်ရန် မျှော်လင့်ရကြောင်းသိရသည်။


Mr.Chaichan က ယခုနှစ်၏ နောက်ဆုံး ၃ လပတ်ကာလတွင် ဘတ်ငွေတန်ဖိုး တိုးတက်မှုမှတစ်ဆင့် တင်ပို့သူများအကြား ငွေလဲမှုနှင့် ဆုံးရှုံးမှုတချို့ဖြစ်နိုင်ကြောင်းနှင့် ငွေလဲနှုန်း ၃၃ ဒသမ ၅ မှ ၃၃ ဒသမ ၈ သည် စီမံခန့်ခွဲနိုင်သည်ဟုယူဆရကြောင်း ပြောကြားခဲ့သည်။

**Source : Bangkok Post**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန် ကုန်စည်ပြပွဲစတင်ကျင်းပ



၇ ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ (CIIE) ကို Shanghai မြို့တွင် ကျင်းပခဲ့သည်။

နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပသော ကုန်စည်ပြပွဲကို နိုင်ငံပေါင်း ၁၅၂ နိုင်ငံ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အလုပ်ခေါင်းဆောင် ၂၉၇ ဦး တက်ရောက်ခဲ့သည်။

CIIE သည် တရုတ်နိုင်ငံ၏ အဓိကပွင့်လင်းမြင်သာသော အစီအမံများနှင့် တိုးတက်မှုအခွင့်အလမ်းသစ်များကို အခြားနိုင်ငံများနှင့် မျှဝေရန် ဆောင်ရွက်သည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှုတိုးတက်မှုကို တွန်းအားပေးရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် မူဝါဒများချမှတ်ခဲ့သည်။

လွတ်လပ်သောကုန်သွယ်ရေးဇုန်များနှင့် ဟိုင်နန်ဆိပ်ကမ်းကို နိုင်ငံတကာအဆင့်မြင့် စီးပွားရေးနှင့်ကုန်သွယ်မှုစည်းမျဉ်းများနှင့် အတွေ့အကြုံများမြှင့်တင်ရန် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် ကမ်းရိုးတန်း၊ ကုန်းတွင်းပိုင်းနှင့် နယ်စပ်ဒေသများကိုလွှမ်းခြုံကာ ရှေ့ပြေးနိုင်ငံခြားကုန်သွယ်မှုဇုန် (FTZs) ၂၂ ခုကို တည်ဆောက်ခဲ့ပြီး နိုင်ငံ၏ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သွင်းကုန်ပမာဏ၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးခဲ့သည်။

FTZs များ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် ၁၁ ဒသမ ၉၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံသည် ထုတ်ကုန်ကဏ္ဍအပြင် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်လာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဂျပန်နိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့မှု စက်တင်ဘာလတွင် စံချိန်တင်မြင့်တက်

ဆောင်းဦးရာသီအစတွင် ဂျပန်နိုင်ငံသည်ရုရှားနိုင်ငံသို့ လှော်ထားသောကော်ဖီစံချိန်တင်ပမာဏတင်ပို့ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလတွင် ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသို့ ကော်ဖီပမာဏတန်ချိန် ၂၅ ဒသမ ၆ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၅,၂၀၀ ရှိကာ ယင်းပမာဏသည် ပြီးခဲ့သည့် ဩဂုတ်လနှင့်နှိုင်းယှဉ်ပါက အလေးချိန်နှင့် တန်ဖိုးသတ်မှတ်ချက်အရ ၆ ဆ ပိုမိုများပြားကြောင်း ဂျပန်စာရင်းအင်းဌာန၏ အချက်အလက်များက ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ရုရှားနိုင်ငံသည် ဂျပန်ကော်ဖီကို အများဆုံးဝယ်ယူတင်သွင်းသည့် စာရင်းထဲတွင် ပါဝင်ခဲ့ပြီး အဆိုပါပမာဏသည် ဂျပန်နိုင်ငံ၏ ကော်ဖီထုတ်ကုန်များတင်ပို့မှု အားလုံး၏ ၁၃ ရာခိုင်နှုန်းရှိသည်။

စက်တင်ဘာလတွင် ဂျပန်နိုင်ငံ သည် ကော်ဖီတန်ချိန် စုစုပေါင်း ၁၉၃ တန်ကို အခြားနိုင်ငံများသို့ တင်ပို့ခဲ့သည်။

ထို့ပြင် စက်တင်ဘာလတွင် ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက် တန်ချိန် ၁၁ ဒသမ ၆ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၆,၅၀၀ ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသို့ ကော်ဖီအဓိကတင်သွင်းသော နိုင်ငံများစာရင်းတွင် ဘရာဇီးနိုင်ငံသည် ထိပ်ဆုံးတွင် ပါဝင်လျက်ရှိသည်။

ယခုနှစ်တွင် ကော်ဖီအဓိကထုတ်လုပ်သော ဘရာဇီးနိုင်ငံ၌ ရာသီဥတုဆိုးဝါးမှုကြောင့် ရုရှားနိုင်ငံ၌ ကော်ဖီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ရုရှားလက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe” ၏ ဥက္ကဋ္ဌ Mr. Ramaz Chanturia က ပြောကြားသည်။

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကော်ဖီအသားတင် တင်သွင်းသည့် နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။

ရုရှားသည် ၎င်းနိုင်ငံအတွင်း လိုအပ်သောကော်ဖီပမာဏအား အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး ဂျပန်နိုင်ငံအပါအဝင် အခြားရင်းနှီးသောနိုင်ငံများမှလည်း တင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း သိရသည်။

**Source :** https://ria.ru/20241103/kofe-1981656813.html

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (8.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,069 (Shares) | 31,647,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 84 | 705,600 | 33,109,694 | 278,121 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 6,963 | 22,902,050 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 35 | 294,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 250 | 485,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,800 | 2,850 | 2,800 | 181 | 511,100 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 940 | 1,569,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 1,616 | 5,181,200 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.87 | +1.33 | +0.34% | 394.33 | 395.21 | 393.20 | 10,069 | 31,647,950 | 8 | 744,789 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 10,079 (Shares) | 31,997,950 (MMK) |

### Main Board

As of 1:00 pm, 6th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,069 (Shares) | 31,647,950 (MMK) |

| MYANPIX | 394.87 ▲ 1.33 |
|---|---|
| Total Volume (shares) | 10,069 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 744,789 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |